# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး

# ၃၉ ရက်မြောက်နေ့ အစီအစဉ်

# [၉- ၆ - ၂၀၁၆ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၉ ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ဖျာပုံမြို့နယ်၊ နောက်မီးကျေးရွာအုပ်စုတွင် လယ်ယာမြေများကို ဖျက်ဆီးပြီး တရားမဝင် ဂဏန်းမွေးမြူရေးလုပ်ငန်းကြောင့် ပင်လယ်ရေဝင်ပြီး လယ်သမားများ၏ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်သော ဟန့်တားဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **လက်ပံပြား ကျေးရွာအနီး ဘောဒါချောင်းအား ကွန်ကရစ်ချောင်းကူးတံတား တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ဦးအောင်ဇံဝေလမ်းမကြီး အား အဝေးပြေးကားဂိတ်မှ ရှမ်းရွာရပ်ကွက်ထိ(၂)မိုင်ခန့်ကို မြို့အင်္ဂါရပ်နှင့်အညီ (၄)လမ်းမောင်း ပလက်ဖောင်း အပါအဝင် ကွန်ကရစ်လမ်း ခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၄၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။